
# Canossian Daughters of Charity (FdCC) ကာနိုရှင်းသီလရှင် အသင်းဂိုဏ်း



Foundress
အသင်းဂိုဏ်း တည်ထောင်သူ

St Magdalene of Canossa

Our Logo

## St Magdalene of Canossa ၏ ဘဝအကျဉ်း

### St Magdalene ၏ငယ်ဘဝ

St Magdalene ကို ၁၇၇၄ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် ကာနိုစာ နန်းတော်တွင် မွေးဖွားခဲ့သည်။ မွေးချင်း ၆ယောက် အနက် တတိယမြောက်သမီးရတနာဖြစ်သည်။ ပျော်ရွှင်ဖွယ်ကောင်းသော ကလေးဘဝကိုပိုင်ဆိုင်ရာမှ အသက် (၅)နှစ် အရွယ်တွင်ဖခင်ရုတ်တရက် ကွယ်လွန်သွား ၍ မက်ဒလင်း အသက်(၇)နှစ်အရွယ်တွင် မိခင်နောက်အိမ်ထောင် ပြုခဲ့ သည်။ ကလေးထိန်း၏ နှိပ်စက်မှုကိုခံခဲ့ရ သဖြင့် အလွန်စိတ်နာကြင်ခံစားခဲ့ရသည်။ အသက်(၁၅)နှစ်အရွယ်တွင် အပြင်းအထန် နေမကောင်းဖြစ်ခဲ့ရာမှ ဘုရားသခင်း၏ ခေါ်တော်မူခြင်းကိုခံစားခဲ့ရသည်။ ထို့ကြောင့် နေပြန်ကောင်းလာ သော အခါ သူမ၏ဘဝအားဘုရားသခင်ထံ အပြီးအပိုင် အပ်နှံပူဇော်ရန်စိတ်ပိုင်းဖြတ်ခဲ့သည်။

## မိမိဘဝအတွက် ဘုရားသခင်၏အလိုတော်ကို ရှာခဲ့ပုံ

အသက် (၁၇)နှစ် အရွယ်တွင် ကာမဲလိုက် (Carmelite) အသင်းဂိုဏ်းသို့ဝင်ရောက်ခဲ့သည်။ သို့သော် ထိုအသင်းဂိုဏ်းသည် သူမအတွက် ဘုရားသခင်၏ ခေါ်တော်မူခြင်းလမ်း မဟုတ်မှန်းသိလာခဲ့သဖြင့် ပြန်ထွက်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုအသင်းဂိုဏ်းတွင် ဆက်နေပါက သူမချစ်သော ဆင်းရဲသားများအတွက် မကူညီ ပေးနိုင်သောကြောင့်ဖြစ်သည်။ အိမ်ပြန်ရောက်သောအခါ အိမ်တွင်းစီမံ ခန့်ခွဲမှုများကို တာဝန်ယူဆောင်ရွက်ခဲ့ကာ သူမအတွက် ဘုရားသခင်၏အလိုတော်ကို ဆက်လက်ရှာဖွေခဲ့သည်။ ထိုအချိန်သည် တိုင်းပြည်တွင်းတော်လှန်ရေးအခြေအနေကြောင့် မရှိဆင်းရဲသားများ၊ ကလေးငယ်များပညာသင်ခွင့် မရသော အခြေအနေလည်းဖြစ်သည်။



## အသင်းဂိုဏ်းစတင်တည်ထောင်ခြင်း နှင့် ရည်ရွယ်ချက်

မက်ဒလင်းသည် ခေတ်ကာလ၏ လိုအပ်ချက်ကြောင့်သော် လည်းကောင်း၊ ဆင်းရဲသားများအပေါ်ထားရှိသော သူမ၏ချစ်ခြင်းမေတ္တာကြောင့် ၁၈၀၈ ခုနှစ်၊ မေလ (၈)ရက်နေ့ တွင် မိမိ၏ နေအိမ်နန်းတော်ကို စွန့်ခွာကာ ပထမဦးဆုံးသော ဂရုဏာရေးကျောင်းကို စတင်ဖွင့်လှစ်ခဲ့သည်။ ကလေးငယ်များအား ပညာသင်ကြားပေးခြင်းအားဖြင့် သူတို့သည် အကောင်းအဆိုး၊ အကျိုးအပြစ်ကို ခွဲခြားနိုင်မည်ဖြစ်ပြီး အပြစ်ရောက်ရာလမ်းကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ မက်ဒလင်း၏ ပညာပေးခြင်းနည်းလမ်းသည် အသိဉာဏ် တစ်ခုတည်းကိုပဲ ဦးစားပေးခြင်းမျိုးမဟုတ်ပဲ နှလုံးသား ကိုပါ မွမ်းမံပုံဖော် ပုံသွင်းသော ပညာရေးမျိုး ဖြစ်သည်။ ဤသို့ဖြင့် မက်ဒလင်း သည် Venice, Milan, Bergamo နှင့် Trent တို့ ၌ ကျောင်းများအသီးသီး ဖွင့်လှစ်ခဲ့သည်။ သို့ဖြင့် မက်ဒလင်းသည် ဘုရားသခင်အတွက်၊ သူမ၏ချစ်လှစွာသော ဆင်းရဲသားများအတွက် ဘဝတစ်ခုလုံး ပေးဆပ်အစေခံ ကာ ၁၈၃၅ ခုနှစ်၊ ဧပြီလ (၁၀)ရက်တွင် အဘအိမ်တော်သို့ ထာဝရ ပြန်သွားခဲ့သည်။

ပုပ်ရဟန်းမင်းကြီး Pius XII က ၁၉၄၁ ၊ ဒီဇင်ဘာ ၊ ၇ ရက်နေ့တွင် Blessed အဖြစ်ကြေညာခဲ့ပြီး ၊ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့တွင် ပုပ်ရဟန်းကြီး John Paul II က ရဟန္တာအဖြစ် တင်မြှောက်ခဲ့သည်။

## ကမ္ဘာအနှံ့အပြားတွင်အသင်းဂိုဏ်းဖြစ်တည်လာပုံ

ဘုရားသခင်နှင့် ဆင်းရဲသားများ ကိုအစေခံရန် အမြဲတောက်လောင်လျှက်ရှိသော ချစ်ခြင်းမေတ္တာ မီးလျှံသည် စိန်မက်ဒလင်း၏ သီလရှင်များ အား အီတလီနိုင်ငံ မှအပြင်အခြား နိုင်ငံများ၌လည်း သွားရောက် သာသနာ ပြုစေခဲ့သည်။

ဤသို့ဖြင့် ၁၈၆၀ ခုနှစ်တွင် အီတလီနိုင်ငံမှ သာသနာပြုသီလရှင်တစ်စုသည် ပထမဆုံးအကြိမ် အမိနိုင်ငံကို စွန့်ခွာခဲ့ကာ ဟောင်ကောင်နိုင်ငံ၌ စတင် သာသနာပြုခဲ့သည်။ အစဦးပိုင်းတွင် ဘာသာ စကား၊ လူနေမှုဓလေ့၊ ရာသီဉတု ၊ အစားအစာ စသည်တို့ မတူညီမှုကြောင့် အခက်အခဲများစွာ ရှိသော်လည်း သာသနာပြုတို့ ၏မလျော့သောဇွဲ တို့ဖြင့် အခက်အခဲများ ကြား၌ ရှင်သန်ကာ စာသင် ကျောင်းများ၊ ဆေးရုံများ ဆောက်လုပ်ကာ အကူအညီလိုအပ်နေသော လူအများအားအစေခံခဲ့သည်။ ဟောင်ကောင်မှတဆင့် Canossian သာသနာပြု သီလရှင်များသည် ၁၈၉၄ ခုနှစ်တွင် စင်္ကာပူနိုင်ငံသို့ စတင်ရောက်ရှိခဲ့သည်။

## Vision (ရည်မှန်းချက်)

မိသားစု နှင့် နိုင်ငံအား ပညာရေး၊ ဝိညာဉ်ရေး နှင့် လူမှုလိုအပ်ချက်များတွင် ရည်ရွယ်ချက်ရှိရှိ ဖြင့် စိတ်အားထက်သန်စွာ ဆပ်ကပ်အစေခံနိုင်ရန်။

## Mission(လုပ်ဆောင်ချက်)

ယေဇူးသခင်အား လူအများ ပိုမိုသိရှိကာ ချစ်မြတ်နိုးလာစေရန်။

## Our Charism (ဝိညာဉ်တော် ကျေးဇူး)



**“In the spirit of the greatest Love of Christ Crucified with Mary, Mother of Love at the foot of the cross.”**

**ကျွန်ုပ်တို့ ၏ဝိညာဉ်ရေး ကျေးဇူးတော်မှာ - ကားတိုင်ထက်ရှိ သခင်ယေရှုး ၏အကြီးမြတ်ဆုံး ချစ်ခြင်းမေတ္တာနှင့် ကားတိုင် ခြေရင်းရှိ အမိမယ်တော်၏ ချစ်ခြင်း မေတ္တာ အားဖြင့် ရှင်သန်လျှက် ဘုရားသခင်နှင့် လူသားများ အားအစေခံ ခြင်း ဖြစ် သည်။။**

## Apostolate (သာသနာလုပ်ငန်း)

- Education ပညာပေးခြင်း
- Evangelization ဧဝံဂေလိသတင်းကောင်းဖြန့်ဝေခြင်း
- Pastoral Care for the sick နာမကျန်းလူများ ကြည့်ရှုခြင်း
- Fomation of laity   သာမန်လူဝတ်ကြောင်များအားလမ်းညွှန်ပေးခြင်း
- Spiritual exercises ဝိညာဉ်ရေးရာလမ်းညွှန်ပေးခြင်း

## မြန်မာပြည်သို့ Canossian Sisters များရောက်ရှိလာပုံနှင့် သမိုင်းအကျဉ်း

Canossian Sisters များသည် ၁၈၉၄ ခုနှစ်တွင် စက်ပူနိုင်ငံသို့စတင်ရောက်ရှိခဲ့ရာ ယခုတွင် နှစ်ပေါင်း (၁၃၀)တိုင်ခဲ့ပြီဖြစ်သည်။ ရောက်ရှိချိန်မှစပြီး ဧဝံဂေလိသတင်းကောင်း ပြန့်ပွားရေး၊ ကလေးသူငယ်များအား ပညာပေးခြင်း ၊ နားမကျန်းသူများအား ပြုစုစောင့်ရှောက်ခြင်း စသည့် တမန်တော်လုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိရာ နယ်မြေရပ်ခြားတွင် သာသနာ ပြုရန် မြန်မာနိုင်ငံကို ရွေးချယ်ခဲ့သည်။

Canossian Sisters များသည် စင်္ကာပူနိုင်ငံရှိ စေတနာ့ဝန်ထမ်းများနှင့်အတူ မြန်မာနိုင်ငံသို့ ၁၉၉၆ ခုနှစ်တွင် စတင်ရောက်ရှိခဲ့ပြီး တောင်ကြီးနှင့် အခြားနေရာများတွင် Outreach program များစတင်လုပ်ဆောင်ခဲ့သည်။

ဇန်နဝါရီလ ၂၀၀၈ ခုနှစ်တွင် Sisters များသည် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာရာ အခြေတကျ ဖြစ်လာသည့်အတွက် ရန်ကုန်မြို့တွင် အိမ်ငှားနေထိုင်ခဲ့ပြီး ရပ်ကွက်တွင်းရှိ ကလေးသူငယ်များအား အင်္ဂလိပ်စာသင်ကြားပေးခြင်း၊ Campion Instituteဍ် အင်္ဂလိပ်စာ သင်ကြားပေးခြင်းနှင့် လူငယ်သင်တန်းများပေးခြင်းတို့၌ အားတက်သရော ဆောင်ရွက် ခဲ့သည်။

မေလ ၂၀၀၈ ခုနှစ်တွင် ကျေးလက်ရှိ ဘော်ဒါဆောင်များအတွက် ကျေးလက်ဆရာမ များအတွက် (FED) သင်တန်းကိုဖွင့်လှစ်ခဲ့သည်။ ဤသင်တန်းသည် ကျေးလက်ဒေသရှိ အမျိုးသမီးငယ်များ အထူးသဖြင့် ကျေးလက်ရှိ ဆင်းရဲသော ကလေးသူငယ်များအား ဆက်ကပ်လိုစိတ် ပြင်းပြသူများအတွက် အဓိကရည်ရွယ်ပါသည်။

မြန်မာပြည်တွင် ကက်သလစ်အသင်းတော်မှ ဦးစီးဖွင့်လှစ်သော ဘော်ဒါဆောင်များ၊ မိဘမဲ့ဂေဟာများ ၅၀၀ ကျော်ရှိရာ တက္ကသိုလ်ဝင်တန်းမအောင်မြင်သော မိန်းကလေးအများစုမှာ ဘော်ဒါဆောင်များတွင် ကလေးများကူကြည့်ခြင်း၊ ဘော်ဒါဆောင်အတွက် ထမင်းချက်များအဖြစ်သာ လုပ်ဆောင်လျှက်ရှိကြသည်။ ထိုကျေးလက်ဒေသခံ ဆရာမများအတွက် ၁၀-လကြာ Formation of Educators (FED) သင်တန်းနှင့်အတူ ၆-ပတ် ကြာ ဘော်ဒါဆောင်တွင် လက်တွေ့ကွင်းဆင်းခြင်းပါ ပူးတွဲပါသော သင်တန်းကိုစတင် ရေးဆွဲခဲ့သည်။ သင်တန်းတွင်ပို့ချသော သင်ခန်းစာများတွင်

ကလေးသူငယ်များ၏ သင်ယူမှုပုံစံများ ၊ ဘော်ဒါဆောင်များအတွက်စည်းကမ်းရေးဆွဲချမှတ်ခြင်း၊ ကျန်းမာရေးနှင့် လုံခြုံမှု ၊ နေရာထိုင်ခင်းသန့်ရှင်းမှုရှိခြင်း ၊ ဘာသာရေးနှင့် ဝိညာဉ်ရေးရာဆိုင်ရာ သင်ခန်းစာများ၊ အချင်းချင်း အဆင်ပြေပြေဆက်ဆံမှုပုံစံများ၊ ပြဿနာ ဖြေရှင်းခြင်းနည်းလမ်းများ စသည်တို့ပါဝင် ပါသည်။

၂၀၁၁ ခုနှစ်တွင် Canossian Sisters များသည် FED သင်တန်းသူများအတွက် သင်တန်းဆောင်အဆောက်အအုံ (Canossa Home) ကို CHARIS နှင့် အလှူရှင်များ၏အကူအညီဖြင့် ဆောက်လုပ်ပြီးစီး ခဲ့ရာ သင်တန်းသူများကို Canossa Home တွင် သင်တန်းကာလ တစ်လျှောက်လုံး စတင်လက်ခံခဲ့သည်။

သို့သော် ၂၀၂၁ ခုနှစ်မှစ၍ ကိုဗစ် ၁၉ ရောဂါအခြေအနေကြောင့်သော်လည်းကောင်း၊ အခြားသော အခြေအနေအမျိုးမျိုးကြောင့် သင်တန်းကာလကို ၆ -လ အထိသာပြောင်းလဲသတ်မှတ်လိုက်ပြီး သင်တန်းသူများသည် သင်တန်းပြီးဆုံးပါက အခက်ခဲမျိုးစုံကြောင့် ပညာသင်ခွင့်မရသော ကလေးသူငယ်များအား အခြေခံဘာသာရပ်များဖြစ်သည့် မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ အပြင် ဘုရားစကားလည်း သင်ကြားပေးမည်ဖြစ်သည်။ ဤသင်တန်းကို ၂၀၀၈ ခုနှစ်မှစတင်ဖွင့်လှစ်ခဲ့ရာ ဒီဇင်ဘာလ ၂၀၂၃ နှစ် အဖွဲ့ ၁၇ ၏သင်တန်းဆင်းပွဲကို ကျင်းပနိုင်ခဲ့သည်။

Canossian သူတော်စင်ဘဝတသက်တာ စိတ်ဝင်စားသူများ၊ ခေါ်တော်မူခြင်း ဘဝကို ဆန်းစစ်လိုသော မိန်းမပျိုများအတွက် ခုနှစ် ၂၀၁၇ တွင် မရန်းကုန်းမြို့နယ်တွင် Canossian Formation House ကို ဆောက်လုပ်ပြီးစီးခဲ့သည်။

ယခုလက်ရှိအချိန်တွင် မြန်မာနိုင်ငံတွင် Canossian Sisters (Local) 6 ပါးနှင့် သာသနာ ပြု ၁ ပါးနှင့် စုစုပေါင်း ၇ ပါးရှိပြီ ဖြစ်သည်။ ၃ ပါးမှာ Formation House (ခဝဲခြံ) တွင် လည်းကောင်း၊ ကျန် ၄ ပါးမှာ Canossa Home (သန်လျင်) တွင်လည်းကောင်း တာဝန်ထမ်းဆောင် လျှက်ရှိသည်။

## **ဆက်သွယ်ရန်လိပ်စာများ**

Canossa Home (Apostolic House)

အမှတ် (၈) မာဃလမ်း၊ ပဲခူးစုရပ်ကွက်၊
သန်လျင်မြို့နယ်။

Sr Angela Ng

Ph : 09 250 823 810

Canossian Formation House

အမှတ် ၁၀၆/က ၊ အေးရိပ်ငြိမ်လမ်း၊ (၃)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

Sr Antonia Mya Mya Lone

Ph : 09 793 122 713



**Canossian Sisters in Myanmar**